# သိထားသင့်သော မိုင်းလုပ်ငန်းများအကြောင်း



**သတ္တုတွင်းသည် အဖိုးတန်သတ္တုများ (သို့) အခြား ဘူမိဗေဒဆိုင်ရာ ပစ္စည်းများကို ကမ္ဘာမြေမှထုတ်ယူသည့် သတ္တုရိုင်းများ၊ ရွှေ၊ ငွေ၊ ခဲ၊ အဖြိုက်နက်၊ ကျောက်မီးသွေး စသည့်အဖိုးတန်ပစ္စည်းများစွာ ထွက်သည့် တွင်းထွက်ပစ္စည်း တခု ဖြစ်ပါသည်။ သတ္တုတူးဖော်ခြင်းဖြင့် ပြန်လည် ရရှိလာသောသတ္တုရိုင်းများမှ သတ္တုများ၊ ကျောက်မီးသွေး ၊ ရေနံနှင့် ကျောက်မျက်ရတနာများ၊ထုံးကျောက် ၊ သဘာဝသယံ ဇာတ အရင်းအမြစ် များကို ထုတ်ယူပြီး နိုင်ငံခြားသို့ တင်ပို့သည်။**

ကျောက်နှင့်သတ္တုတူးဖော်ခြင်းသည် လူတို့၏ လုပ်ဆောင်မှုတစ်ခုဖြစ်ပြီး သမိုင်းမတိုင်မီ ကတည်းက ဖြစ်သည်။မျက်မှောက်ခေတ် သတ္တုတွင်းလုပ်ငန်းများတွင် သတ္တု ရိုင်းများ ရှာဖွေခြင်း၊ အဆိုပြုထားသောသတ္တုတွင်း၏ အကျိုးအမြတ် အလားအလာ များကို ခွဲခြမ်း စိတ်ဖြာခြင်း၊ လိုချင်သောပစ္စည်းများ ထုတ်ယူခြင်းနှင့် သတ္တုတွင်းကို ပိတ်ပြီးသည့်နောက် မြေယာများအား နောက်ဆုံး ပြန်လည် ပြုလုပ်ခြင်းဖြစ်ပါသည်။

လူတို့သည် သတ္တုနှင့်ဆိုင်သော လုပ်ငန်းအတွက် ရွှေ(Gold) ၊ငွေ(Silver) ရှာဖွေ တူးဖော်လုပ်ဆောင်ခြင်း၊ ကျောက်နှင့် ဆိုင်သော လုပ်ငန်းအတွက် စိန်(Diamond) အစရှိသော တွင်းထွက်ကျောက်ပစ္စည်းများရှာဖွေ တူးဖော်လုပ်ဆောင်သည့်အပြင် တွင်းထွက်ကျောက်များဖြစ်သော ယူရေနီယံသတ္တု (uranium)၊ ကျောက်ဂွမ်း (asbestos)၊ ကျောက်မီးသွေး(coal)၊ သဲ(sand)၊ ဆား(salt) စသည်တို့လည်း တူးဖော်လုပ်ဆောင်လျက် ရှိပါသည်။ သတ္တုတူးဖော်သည့် မည့်သည့် (mining) လုပ်ငန်းမဆို အန္တာရာယ်များစွာ ရှိပါသည်။ သတ္တုတူးဖော်သမားဘဝအတွက် သာမက သတ္တုတူးဖော်လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု ပိုမို များပြားလာခြင်း၊ လူ့မှုအသိုင်းအဝိုင်းနှင့် လူ့ကျန်းမာရေး ထိခိုက်မှုများ ပိုမို ဖြစ်ပေါ် လာခြင်း၊ကလေးနှင့် အမျိုးသမီးများ အပေါ်တွင်လည်း တိုက်ရိုက်ဆိုးကျိုးများ ခံစား ရခြင်း စသည့် များစွာသော ဆိုးကျိုးများ ဖြစ်ပေါ်ပါသည်။

## မည်သူတွေ လုပ်ဆောင်နေသလဲ



မြန်မာနိုင်ငံအတွင်းရှိ မြေပေါ်မြေအောက် သဘာဝသံယံဇာတ တူးဖော်ရေးလုပ်ငန်းများကို လူတစ်ဦးချင်းစီမှ အသေးစား၊ ကြီးမားသော ကုမ္ပဏီများမှ လုပ်ကိုင်ခွင့်ရရှိကြပါသည်။ မြေအောက်သတ္တုတူးဖော်ခြင်းနှင့် မြေပေါ် (တောင်များ) သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ကြီးမားသော စက်ယန္တာယားများနှင့် အထူးကိရိယာများစွာ အသုံးပြုရန်လိုအပ်သောကြောင့် မြန်မာနိုင်ငံမှ ကုမ္ပဏီများနှင့် နိုင်ငံခြားကုမ္ပဏီများသည် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံကာ သတ္တုတူးဖော်ကြသည်။အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် အများဆုံး တူးဖော်ကြသည်။ မြန်မာနိုင်ငံအတွင်း သတ္တုတူးဖော်သော ကုမ္ပဏီအများစုမှာ တရုတ်ပြည်နိုင်ငံသားကုမ္ပဏီများဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကြောင့် ယခုအချိန်တွင် အခြားနိုင်ငံသတ္တုတူးဖော်ရေး ကုမ္ပဏီများမှာ အစိုးရနှင့် အကျိုးတူ ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှု သဘောတူညီယူပြီး ပိုမို လုပ်ဆောင်လာကြသည်။

မြန်မာပြည်တွင် မြေပေါ်၊မြေအောက် သဘာဝသယံဇာတပေါ်ကြွယ်ဝယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံခြားမှ ကုမ္ပဏီများသည် မြန်မာနိုင်ငံအတွင်း သတ္တုတူးဖော်ရေး လုပ်ငန်းများ စတင်လုပ်ဆောင်ရန် စိတ်အား ထက်သန်ကြသည်။ ယခုဆိုလျှင် နိုင်ငံခြားကုမ္ပဏီများမှ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှု၊ အစိုးရနှင့် အကျိုးတူ ပူးပေါင်း လုပ်ဆောင်မှု သဘောတူညီချက် စာချုပ်များချုပ်ဆိုမှုကို ပိုမိုလုပ်ဆောင်လာကြသည်။ တဆက်ထဲတွင် အကျင့်ပျက်ခြစားမှုများ အလွန်များပြားလာခဲ့ပြီး မြန်မာနိုင်ငံသားကုမ္ပဏီနှင့် နိုင်ငံခြားသား ကုမ္ပဏီများမှာ လုပ်ပိုင်ခွင့် ရရှိရန်အတွက် အစိုးရအရာရှိများထံ လာဘ်ထိုးမှုများ ပိုမိုလုပ်ဆောင်နေကြပါသည်။





## သတ္တုတူးဖော်ခြင်းလုပ်ငန်း၏ ဆိုးကျိုးများ

- သဘာဝမြေများပျက်စီးဆုံးရှုံးလာခြင်း။
- ရေလမ်းကြောင်းများ တိုက်စားလာပြီး ရေတိုက်စားမှုများ ပိုမိုဖြစ်ပေါ်လာခြင်း။
- ရေထု ၊ လေထု၊ မြေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်း။
- မြေထုအတွင်းရှိသော မြေဆီလွှာများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာခြင်း။
- ပတ်ဝန်းကျင်အတွက် ဆူညံသံများ ဖြစ်ပေါ်လာခြင်း။
- မြင့်မားသော ရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ဆောင်ရခြင်း။ဒေသခံများ အလုပ်သမားဘဝ၊ ကျွံဘဝသို့ အများအပြား ရောက်ရှိလာခြင်း။
- လုပ်ငန်းရှင်၏ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ ရှိလာခြင်း။
- လူထု ကျန်းမာရေးထိခိုက်မှုများလာခြင်း။
- ပတ်ဝန်းကျင် ပျက်စီးမှုများစွာ ရှိလာခြင်း။
- သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်လာခြင်း။
- မျှတသော တရားမျှတမှု မရရှိခြင်း။ ဒေသခံများ၏ ဘိုးဘွားပိုင်မြေများ ဆုံးရှုံးမှု ဖြစ်ပေါ်လာခြင်း။
- အမျိုးသမီးနှင့် ကလေးသူငယ် အလုပ်သမား ရှိလာခြင်း။
- ကလေးပျက်ကျမှုများ ရှိလာခြင်း။
- အတင်းအဓမ္မပြုကျင့် မှုများရှိလာခြင်း၊
- လူဦးရေတိုးတက်မှုနှုန်း လျော့နည်း လာစေခြင်း။
- အလုပ်သမားကျွံဘဝအဖြစ် အလုပ်လုပ်နေရခြင်း။
- ပြည်သူလူထုအပေါ် အကျိုးရလဒ်၊ တရားမျှတမှု နည်းပါးခြင်း။
- ဒေသခံများ မူးယစ်ဆေးကျွန်ဘဝသို့ ရောက်ရှိလာခြင်း။
- ဒေသခံပြည်သူလူထုများ ခေတ်တခေတ်နောက်ကျခြင်း။



# သိထားသင့်သော မိုင်းလုပ်ငန်းများအကြောင်း

## သတ္တုတူးဖော်ခြင်းလုပ်ငန်း၏ ကောင်းကျိုးရလာဒ်များ

- အစိုးရဝင်ငွေ၊ ကုမ္ပဏီပိုင်များနှင့်အစုရှယ်ယာဝင်လုပ်ငန်းရှင်များ အတွက် ဝင်ငွေတိုးစေခြင်း။
- နည်းပညာ၊ စက်မှုပိုင်းဆိုင်ရာ ဗဟုသုတများ တိုးစေခြင်း။
- နိုင်ငံခြားသားများနှင့် အစိုးရဈေးကွက်လုပ်ငန်းတွင် ပြည်ပသို့ ချိတ်ဆက်ရောင်းဝယ်လာနိုင်ခြင်း။
- သုသေတနလုပ်ငန်း လုပ်နိုင်ခြင်း( ဘိုးဘွားပိုင်နယ်မြေမှ ထွက်ရှိသော သဘာဝ ဂေဟဗေဒ အကြောင်း၊ အမျိုးအမည်များကို အနည်းငယ်မျှသာ လေ့လာသိရှိလာခြင်း။)
- အစိုးရနှင့် သတ္တုတူးဖော်လုပ်ငန်း၏ Society (လူမှုအဖွဲ့အစည်း) များ အပြန်အလှန် ဆက်နွယ်မှုကြားရှိ လာခြင်း။
- ဒေသခံများအတွက် လမ်းပန်းတိုးတက်မှု အနည်းငယ် ရရှိလာခြင်း။

ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရရှိလာခြင်း။






## သတ္တုတူးဖော်ခြင်းလုပ်ငန်း၏ ဆိုးကျိုးသက်ရောက်မှုများ

- ➢ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ(Impacts on Environment)
- ➢ လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုများ(Impacts on Social)
- ➢ ကျန်းမာရေးအပေါ် သက်ရောက်မှုများ(Impacts on Health)
- ➢ အမျိုးသမီးများအပေါ် သက်ရောက်မှုများ(Impacts on Women)
- ➢ ကလေးများအပေါ် သက်ရောက်မှုများ ( Impacts on Children)
- ➢ ပညာရေးအပေါ် သက်ရောက်မှုများ ( Impacts on Education)
- ➢ လူငယ်များအပေါ် သက်ရောက်မှုများ (Impacts on Youths)

## သတ္တုတူးဖော်ခြင်းလုပ်ငန်း၏ သက်ရောက်မှုများပုံ




## မိုင်းလုပ်သားဘဝ ဖြစ်စဉ်များ



## ဘာကြောင့် ပြည်သူများ သိသင့်ပါသလဲ

**သတ္တုတွင်း**တူးဖော်ခြင်းသည် အနီးအနားရှိ လူမှုအသိုင်းအဝိုင်းများနှင့် သဘာဝ ပတ်ဝန်းကျင်ကို အကြီးအကျယ် ပျက်စီးစေနိုင်ပါသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံ၏ ဥပဒေသည် လူကို သတ္တုတူးဖော်ရေးလုပ်ငန်း၏ အန္တရာယ်များမှ ကာကွယ်ရန် ပြီးပြည့်စုံလုံလောက်ခိုင်မာမှု မရှိသေးပါ။ မိုင်းသတ္တုတွင်း တူးဖော်နေသော ကုမ္ပဏီများသည် ဒေသခံနှင့်တွေ့ဆုံ ဆွေးနွေး စကားပြောဆိုခြင်းမရှိပဲ တူးဖော် လုပ်ကိုင်နေပါသည်။ သတ္တုတူးဖော်ရေး၏ ဆိုးကျိုးများကို ကိုင်တွယ်ဖြေရှင်းခြင်း မရှိပဲ စီမံကိန်းကို မကြာခန ပြုလုပ်လေ့ရှိပါသည်။ သို့သော်လည်း ဒေသ ခံပြည်သူ လူထုများသည် အတူတကွ ပူးပေါင်း လုပ်ဆောင်ပြီး သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ စုဝေး ခြင်းနှင့် ထုတ်ဖော်ပြောဆိုခြင်းအား ဖြင့် ဒေသ ခံ ပြည်သူများသည် မြန်မာနိုင်ငံရှိ သတ္တုတွင်းတူးဖော်ခြင်းကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများကို ရပ်တန့်ရန် ကူညီနိုင်သည်။

## အကြံပြုချက်များ



- ✓ အနာဂတ်ပြည်ထောင်စု ငြိမ်းချမ်းရေး သဘောတူညီချက်အရ ဖက်ဒရယ် အခြေခံဥပဒေသစ်တွင် သင့်တော်သည့် ဥပဒေ မပြဋ္ဌာန်းမီ တနိုင်တပိုင် လုပ်ငန်းမှအပ မိုင်းလုပ်ငန်းအားလုံးကို ယာယီ ရပ်ဆိုင်းထားပေးခြင်း။
- ✓ ဖက်ဒရယ် အခြေခံဥပဒေသစ်တွင် ဥပဒေနှင့်မူဝါဒ ချမှတ်ရာ ဒီမိုကရေစီ အခြေခံမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် တည်မြဲရေးတို့ ပါဝင်စေခြင်း။
- ✓ ဖက်ဒရယ်၊ပြည်နယ်၊ပြည်နယ်ခွဲ ဥပဒေနှင့် ဒီမိုကရေစီ အဖွဲ့အစည်းတို့သည် လူ့အခွင့်အရေးများ၊ လူ့အခွင့်အရေးကာကွယ်ပေးသူများကို ကာကွယ်ပေးသည့် သဘာဝပတ်ဝန်းကျင်နှင့် အာမခံစနစ်များကို အားကောင်းစေပြီး၊ နစ်နာဆုံးရှုံးထိခိုက်ခံရသည့် ဒေသခံ ရပ်ရွာများမှ သဘာဝ အရင်းအမြစ်အခြေပြု စီမံကိန်းကို ဆန့်ကျင်သည့် ယန္တယား များကိုလည်း ထည့်သွင်းပေးခြင်း။
- ✓ အကာအကွယ်စနစ်၊ ကာကွယ်သည့်စနစ်၊ အာမခံစနစ်များ ကိုသော်လည်းကောင်း လွတ်လပ်စွာ ကြိုတင်အသိပေး သဘောထားရယူပြီး လုပ်ဆောင်မှုအဆင့်တိုင်းတွင် အမျိုးသမီး များ၏ ပါဝင်မှုကို ထည့်သွင်း ပေးခြင်း။
- ✓ လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုကို အခြေခံသည့် စေ့စေ့စပ်စပ် စောင့်ကြည့်လေ့လာမှုနှင့် စောင့်ကြည့်မှု ဖြစ်စဉ်များကိုသော် လည်းကောင်း လေးစားလိုက်နာသည့် စီမံကိန်းကိုသာ လုပ်ဆောင်ခွင့် ပြုခြင်း။

စသည့် အကြံပြုချက်များဖြင့် အကြံပေးတင်ပြတောင်းဆိုလိုက်ပါသည်။